# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၁၄ ရက်မြောက်နေ့အစီအစဉ်

# [ ၈ – ၉ – ၂၀၁၁]

# (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း–

(က) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **"မျိုးကောင်းမျိုးသန့်စပါး နှင့် ဟင်းသီးဟင်းရွက်များ ဖြန့်ဝေပေးရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဘဌေး၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **"ငဝန်တာ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဟန်စိန်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **" တောင်သူများဆန္ဒအရ သီးနှံစိုက်ပျိုးခွင့်ပြုရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းဝင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ **"ဖျာပုံတွင် စိုက်ပျိုးရေး သင်တန်းကျောင်း ဖွင့်လှစ်ရေး"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **"ကော့သလိုင်တာတွင် ရေထိန်းတံခါးတပ်ဆင်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစောလှထွန်း၊ ချောင်းဦး မဲဆန္ဒနယ်၏ **"ခေတ်နှင့်လျော်ညီခြင်း မရှိသော ဥပဒေများနှင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် အကျိုးမပြုသည့် ဥပဒေများ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **"စိုက်ပျိုးမြေများကို အခြားနည်းဖြင့် အသုံးပြုရန် သိမ်းဆည်းမှု"** နှင့်စပ်လျဉ်း သည့် မေးခွန်း။

၆။ သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **" ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန် "** အဆိုတင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၈။ ဦးလွန်းသီ၊ ကွမ်းခြံကုန်း မဲဆန္ဒနယ်၏ **"စပါးစိုက်ပျိုးရမည့်ဧရိယာ (မိုးစပါး၊ နွေစပါး) ကို ဥပဒေတစ်ရပ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း "** အဆိုတင်သွင်းခြင်း။

၉။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၀။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **"ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှ ကျောင်းသူ/ကျောင်းသားများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုအစရှိသည့် သင်တန်းများတွင် ဝင်ခွင့်ရရှိရေး အတွက် သတ်မှတ်ထားသော (၁၀)တန်း ရမှတ်ကို လျှော့ပေါ့စဉ်းစားပေးပြီး မိမိ**

**ဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချုပ်ဖြင့် ဒေသခံများအား အထူးဦးစားပေးတက်ရောက်နိုင်ရေးအတွက်ခွင့်ပြုစေနိုင်ရေး"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်။

( ခ ) ဦးစီခန်ရမ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်။

( ဂ ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်။

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်။

( င ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်။

၁၁။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၂။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **" ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း"** ကို ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၄။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက **" ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း"** ကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က**"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း"** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။